


# မြန်မာပြည်ရှိ စစ်ပူဒေသများတွင် သတ္တုတူးခြင်း

လူဦးရေ ၅၁ သန်းရှိတဲ့ မြန်မာပြည်ဟာ တိုင်းရင်းသားမျိုးစုံ နေထိုင်တဲ့ တိုင်းပြည်တစ်ပြည်ဖြစ်တယ်။ လူဦးရေ ၇၀% လောက်က လယ်ယာလုပ်ငန်းကို အမှီပြု လုပ်ကိုင်စားသောက်ကြပါတယ်။ မြန်မာပြည်တွင် ပထဝီအနေအထားအရ ရာသီဥတု၊ သဘာဝပေါက်ပင် တောရိုင်း တိရိစ္ဆာန် အမျိုးစုံ တည်ရှိနေပါတယ်။ သဘာဝသယံဇာတ ပေါကြွယ်ဝသလို ရေနံနဲ့ ဓါတ်ငွေ့ အပါအဝင်တွင်းထွက်များကြောင့် တိုင်းပြည်ရဲ့ ဝင်ငွေ ၆၃% ကို ရပါသည်။

လွတ်လပ်ရေးရသည့် ၁၉၄၈ ခုနှစ်ကစပြီး ဗဟိုအစိုးရကို တိုင်းရင်းသား အင်အားစုတွေက သူတို့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အတွက်ဒေသအများအပြားမှာ လက်နက်ကိုင်တိုက်ပွဲဝင်နေကြတာ ဒီနေ့အထိတိုင်ပါပဲ။ ဆယ်စုနှစ်များစွာ စစ်အာဏာရှင်စနစ်နဲ့ အုပ်ချုပ်ခဲ့ပြီးနောက် ၂၀၀၈ ခုနှစ်မှာ အာဏာရေး၊သဘာဝသယံဇာတကိုပါ ဆက်ထိန်းချုပ်ဖို့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ်ကို စစ်တပ်က ပြဋ္ဌာန်းလိုက်ပါတယ်။ ရွေးကောက်ပွဲတွေရှိခဲ့ပေမဲ့ စစ်အာဏာက ဆက်ရှိနေပါတယ်။၂၀၁၁ခုမှာ စစ်အာဏာရှင်စနစ်ကနေ "အရပ်သား ဦးဆောင်တဲ့" ဒီမိုကရေစီ အစိုးရအဖြစ် ကူးပြောင်းသွားပြီလို့ ခေါင်းဆောင်များက နိုင်ငံတကာကို ကြေငြာခဲ့ပါတယ်။ နိုင်ငံအများအပြားကလည်း ပိတ်ဆို့မှုတွေရုပ်သိမ်းလိုက်တယ်။ နိုင်ငံတကာက အငန်းမရ အရင်း အနှီးမြှုပ်နှံသူတွေကလည်း မြန်မာပြည်က မထိတို့ရသေးတဲ့ သယံဇာတကိုထုတ်ယူနိုင်ဖို့ အာရှရဲ့ "နောက်ဆုံးသိုက်" ကို အဆက်မပြတ် စုပြုံဝင်တိုးလာကြတော့တယ်။

သတ္တုတူးဖော်ရေး လုပ်ငန်းတွေက လူအများအပြားကို ပြောင်းရွှေ့လိုက်တယ်။ သဘာဝပတ်ဝန်းကျင် ကိုလည်းထိခိုက်ပျက်စီးစေတယ်။ မြန်မာပြည်အလယ်ပိုင်းရှိလက်ပံတောင်း ကြေးနီသတ္တုတွင်း၊ မြောက်ပိုင်းရှိ ကျောက်စိမ်းတူးဖော်ခြင်းနဲ့ မြန်မာပြည် အရှေ့တောင်နဲ့ အနောက်ဖက်ရှိ ရေနံနဲ့ ဓါတ်ငွေ့ ထုတ်လုပ်မှုတွေက လူသိများလှတဲ့ မြန်မာပြည်အနံ့ ကျယ်ပြန့်တဲ့ တူးဖေါ်မှုတွေ ဖြစ်ပါတယ်။ ဖွံ့ဖြိုးမှုကို မဖြစ်စေဘဲ စစ်ဗိုလ်ချုပ်တွေ၊ ခရိုနီတွေ၊ နိုင်ငံခြား အရင်းအနှီးမြှုပ်နှံသူတွေသာ ချမ်းသာသွားကြတယ်။ ဒီလုပ်ရပ်တွေက မညီမျှမှုကို တိုးဖြစ်စေခဲ့ ပဋိပက္ခကို မီးထိုးပေးနေပါတယ်။ အဓမ္မရွှေ့ပြောင်းခံရသူတွေ သိန်းချီရှိတဲ့ စခန်းတွေပေါ်လာပြီး မြေမဲ့ယာမဲ့ ဖြစ်ရပါတော့တယ်။

၂၀၁၅ ခုမှာ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်တဲ့ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်က မဲ ၆၀% ကျော်နဲ့ အနိုင်ရပြီး စစ်တပ်ရဲ့ ဖွဲ့စည်းပုံအောက်မှာ အစိုးရသစ်ဖွဲ့စည်းခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေကို စစ်တပ်ကတိုးပြီး ထိုးစစ်ဆင်ပါတော့တယ်။ အထူးသဖြင့် သဘာဝသယံဇာတပေါတဲ့ ဒေသတွေမှာ ပိုဖြစ်တယ်။ တစ်ချိန်တည်းမှာ စစ်တပ်က အကန့်အသတ်မဲ့ အာဏာကို အစိုးရထဲမှာ၊ စီပွားရေးနယ်ပယ်မှာ ရယူထားပါတယ်။




*မြန်မာပြည်ရှိ လက်နက်ကိုင် အင်အားစု အမျိုးမျိုး*

မြေပုံ BNI

မြန်မာနိုင်ငံဟာ အရှေ့တောင်အာရှ အိမ်နီးချင်းနိုင်ငံတွေရဲ့ ပျမ်းမျှ မွေးကင်းစသေနှုန်း ၂.၅ ဆများနေတယ်။ ကမ္ဘာအဆင့်အတန်းအရ သယံဇာတထုတ်လုပ်မှု ထိန်းချုပ်ရေးနဲ့ ပွင့်လင်းမြင်သာမှုရှိရေး အဆင့်မှာလည်း အနိမ့်ဆုံးဖြစ်နေပါတယ်။ ဒါပေမဲ့ မြန်မာပြည်ဟာ ကမ္ဘာပေါ်ရှိ အပူပိုင်းဒေသ သစ်တောနဲ့ ရှားပါးတောကောင်တွေရှိရာ ဒေသအနည်းစုထဲက တစ်ခုအဖြစ်ရှိနေစဲပါ။ ဌါနေတိုင်းရင်းသားသန်းပေါင်းများစွာ က သူတို့ရဲ့ အဖိုးတန်တဲ့ ရေရိုအောင်းဒေသတွေ၊ တောရိုင်းတိရစ္ဆာန်တွေ၊ ရှားပါးသစ်ပင်တွေကို ရိုးရာထုံးစံနဲ့ အညီ ထိန်းသိမ်းခဲ့ကြပါတယ်။

အခုလို သယံဇာတတွေ ထုတ်ယူဖို့ အရင်းအနှီးတွေ တိုးတက်မြုပ်နှံလာတာကြောင့်  လယ်သမားတွေ ဟာ လယ်မြေကနေ မောင်းထုတ်ခံရပြီး၊ ရှည်ကြာနေတဲ့ရှိပြီးသား ပဋိပက္ခကို မီးထိုးပေးသလို ဖြစ်နေပါတယ်။ မြန်မာပြည်မှာ တနိုင်တပိုင်သတ္တုတူးဖော်တာမှအပ မိုင်းလုပ်ငန်းအားလုံးရပ်ဆိုင်းလိုက်ရပါမယ်။  ဒီလိုဖြစ်ဖို့က အနာဂါတ် ငြိမ်းချမ်းရေး သဘောတူညီချက်မှာ သင့်တော်တဲ့ ဥပဒေပြု နိုင်ဖို့ ဖက်ဒရယ်ဖွဲ့စည်းပုံ အသစ်မှာ ထည့်သွင်းရပါ လိမ့်မယ်။

ဒီစာတမ်းက သတ္တုတူးဖေါ်တဲ့စီမံချက်တွေကြောင့် ထိခိုက်နစ်နာရသူ ဒေသခံ အဖွဲ့အစည်းများပေါ် အခြေခံပြီးရေးသားထားတာဖြစ်ပါတယ်။

# မြန်မာ့ သတ္တုတူးဖော်ရေးလုပ်ငန်း

## နစ်နာသူတို့ကို ပစ်ပယ်ခဲ့ ပဋိပက္ခကို ကြီးထွားစေတယ်။

ပြည်ထောင်စုမှာ ပြည်နယ်နဲ့ တိုင်း ၁၄ ခုရှိပေမဲ့ မြန်မာဗဟိုအစိုးရက သဘာဝ အရင်းအမြစ်ထုတ်ယူမှုနဲ့ ပတ်သက်တဲ့ ကိစ္စတွေ အားလုံးနီးနီးကို ချုပ်ကိုင်ထားပါတယ်။ စီမံကိန်း အတည်ပြုတာ၊ ဘဏ္ဍာရေး ကောက် ခံတာ၊ ခွဲဝေတာတွေအားလုံးကို ချုပ်ကိုင်ထားပါတယ်။ ဒါကို ဥပဒေမှာ - နိုင်ငံတော်ဟာ နိုင်ငံတော်ရှိ မြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နဲ့ လေထုအတွင်းရှိ သယံဇာတစွည်းများအားလုံး၏ ပိုင် ရှင်ဖြစ်တယ် လို့ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ ရှင်းရှင်းလင်းလင်းဖော်ပြထားတယ်။



*မြန်မာ့လွှတ်တော်မှာ အကန့်အသတ်မဲ့ စစ်အာဏာက ထိပ်တန်း ဦးစားပေး ဖြစ်နေတယ်။*

ဓါတ်ပုံ AFP

သတ္တုတူးဖော်တဲ့ လုပ်ငန်းဘယ်လိုလည်ပတ်နေတာနဲ့ ပတ်သက်ပြီး ပြည်နယ်နဲ့ တိုင်း အစိုးရတွေက ဘာမှ သြဇာမရှိပါဘူး။ ကျောက်မျက်တူးဖော်ရေး လုပ်ငန်းကို ဥပမာကြည့်ပါ - ထုခွဲတာ၊ အရောင်းတင်တာကို ဥပဒေ လုပ်နိုင်ပါတယ်။ တူးဖော်တဲ့ နေရာချထားတဲ့ လုပ်ရပ်၊ အလုပ်သမားကိစ္စ၊ သဘာဝပတ်ဝန်းကျင်ကိစ္စ တွေ ကိုတော့ တားမြစ်ပိုင်ခွင့်မရှိပါ။ အကြီးစား သတ္တုတူးဖော်ရေး စီမံချက်တွေကို ချပေးတဲ့ မြန်မာ့အရင်း အနှီးမြှုပ် နှံမှု ကော်မီရှင်မှာဒေသခံကိုယ်စားလှ ယ်တွေ မပါရှိပါ။ မြန်မာအစိုးရဲ့ ဗဟိုချုပ်ကိုင်မှုပုံစံက နစ်နာတဲ့ လူထု တွေကို သတ္တုတူးဖော်ရာမှာ ဆုံးဖြတ်ပိုင်ခွင့်နဲ့ သူတို့နေထိုင်ရာ နေရာဘယ်နေရာမှာ တူးသင့်လဲ ဘယ်လိုတူးရမလဲ မပြောနိုင်အောင် စနစ်တကျ ပိတ်ပင်ထားပါတယ်။

ဓာတ်သတ္တုများထုတ်ယူပြီးတော့ဝေလံတဲ့ မြို့တွေ၊ နိုင်ငံခြားမြို့တွေ ဆီပို့တယ်။ ရောင်းရတဲ့ ဘဏ္ဍာ ငွေက ဗဟိုအစိုးရ ဆီဘဲရောက်ပြီး ဒေသခံလူထုတွေဆီကို အနည်းအကျဉ်းသာရောက်တော့တယ်။


အခြေခံဥပဒေက " ပြည်ထောင်စုဟာ စီးပွားရေးအင်အားစုများက နိုင်ငံပိုင် သဘာဝအရင်းအမြစ်များကို ထုတ်ယူရာ၊ သုံးစွဲရာမှာ လိုအပ်တဲ့ ဥပဒေကို ပြဌာန်းနိုင်တယ်" လို့ဆိုထားပေမဲ့ ဆိုးကျိုးများကိုတားဆီးဖို့၊ လုပ်ငန်းလုပ်ပိုင်ခွင့်ကို တားဆီးဖို့ ဆိုသောယန္တယားမှာလက်တွေ့မှာ မရှိဘူး။ လူထုတွေက စောင့်ကြည့်စည်းကြပ်တာကို အာဏာပိုင်တွေက တားဆီးနှောက်ယှက်ပါတယ်။ ဒါကြောင့် မိုင်းလုပ်ငန်းနဲ့ ပတ်သက်တဲ့ အချက်အလက်တွေကို ရယူဖို့ အင်မတန်ခက်ခဲပါတယ်။

၂၀၀၈ အခြေခံဥပဒေက လွှတ်တော်မှာ စစ်တပ်ကိုယ်စားလှယ် ၂၅% ပေးထားပါတယ်။ အရေးပါတဲ့ ဝန်ကြီးဌာနတွေကိုလည်းစစ်တပ်ကာကွ ယ်ရေးဦးစီးချုပ်လက်အောက်မှာထားပါတယ်။ သတ္တုတူးဖော်ရေး စီမံကိန်းတွေက သူတို့ပိုင်ကုမ္ပဏီ တွေကတဆင့် စစ်တပ်က အကျိုးတိုက်ရိုက်ခံစားရရှိပါတယ်။ ဦးပိုင်က သတ္တုတူး ဖော်ရေးလုပ်ငန်းတချို့မှာ အစုရှယ်ယာပါဝင်ပါတယ်။ လက်ပံတောင်း ကြေးနီသတ္တုတွင်းစီမံကိန်း လုပ်တဲ့ တရုပ်အစိုးရပိုင် ဝမ်ပေါင်ကုမ္ပဏီက ဒီလိုလုပ်ထားတာပါဘဲ။ သတ္တုတွင်းတူးတဲ့ ကုမ္ပဏီတွေက အဓိကကျတဲ့ တိုင်းရင်းသားဒေသတွေမှာ စစ်တပ်နဲ့ ဆက်စပ်လုပ်ဆောင်ပါတယ်။ ယနေ့ ဖြစ်ပေါ်နေတဲ့ မြန်မာပြည်သတ္တုတွင်း အရင်းအနှီးမြှုပ်နှံမှုက စီးပွားရေးအရ ရိုးရိုးအတွက်လုပ်တဲ့ အလုပ်မဟုတ်ပါဘူး။ ပြည်တွင်း စစ်ထဲက ဘက်တဖက်ကိုသာ အကျိုးပြုနေတာသိပ်ရှင်းနေပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အန္တရာယ်ပြုနေသလို ကျိုးပျက်သွားဖို့လည်းအခြေအနေက အင်မတန် နီးစပ်နေပါတယ်။

ဒီလိုဖြစ်နေပေမဲ့ ကမ္ဘာ့ဘဏ်အပါအဝင် နိုင်ငံတကာက အကြီးအကဲတွေက " တာဝန်ယူတဲ့ အရင်းအနှီး မြှုပ်နှံမှုကို လိုလားတဲ့" အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေကတဆင့် နိုင်ငံခြားအရင်းအနှီးတွေ ကိုဆွဲဆောင်ပြီး သတ္တုတူးဖော် ရေးလုပ်ငန်းမှာ အလွယ်တကူ ငွေရင်းစိုက်ထုတ်ဖို့ အားပေးနေကြတယ်။

## ခွဲဝေပုံ -

### ၂၀၁၅ ခု ၊အကြီးစားနဲ့ နိုင်ငံခြား အရင်းအနှီးမြှုပ်နှံမှုအဆိုပြုတဲ့ သတ်မှတ် ဧရိယာများ




*မြန်မာဘူမိဗေဒဆိုင်ရာစစ်တမ်းနှင့်သတ္တုရှာဖွေရေးဌာန*

[1] http://myanmar.unfpa.org/publications/thematic-report-mortality, https://resourcegovernance.org/analysis-tools/publications/2017-resource-governance-index

# ဘယ်သူတွေမြတ

ဓါတ်ပုံ EPA



စစ်တပ်က မြောက်များလှတဲ့ ငွေကြေးရှိတယ်။ တိုင်းရင်းသား ဒေသတွေကို ထိန်းချုပ်လာနိုင်တယ်။ ငွေဘယ်လောက်ရတယ်၊ ဘယ်လိုသုံးတယ် ဆိုတာ ပွင့်လင်းမြင်သာမှုမရှိ၊ တာဝန်ခံမှု မရှိ။

ဗဟိုအစိုးရက အခွန်ဘဏ္ဍာ ကောက်ယူ၊ ဘယ်လိုသုံးမည် ဆုံးဖြတ်၊ စိုက်ပျိုးရေးထက် စက်မှုလက်မှုကို ဦးစားပေး။

အထူးစီးပွားရေးဇုံမှာ နိုင်ငံခြား ကုမ္ပဏီနဲ့ လုပ်ငန်းများ လုပ်ကိုင်၊ အိမ်နီးချင်းနိုင်ငံတို့က ဈေးပေါတဲ့ မြန်မာနိုင်ငံ သယံဇာတတွေကို အမြတ်ထုတ်ယူ။

ဝယ်သူနိုင်ငံခြားသား ကစျေးပေါသည့်လျှပ်စစ်ဓါတ်အားနှင့် ကျောက်မျက်ရတနာမှအမြတ်။

ပြည်တွင်း ခရိုနီများက တာဝန်ယူမှုမရှိ အမြတ်ထုတ်ခါ သူတို့ဩဇာကို ပိုထူထောင်။

# ဘယ်သူတွေရှုံး

ဓါတ်ပုံ Bridge



နှင်ထုတ်ခံရသူတွေမှာ မြေပိုင်ခွင့်မရှိ၊ လျော်ကြေးတချို့ရ  တချို့မရ။ မြေယာမဲ့ လို့ ဘဝတွေ ပျက်။

ဒေသခံတွေ ကျန်းမာရေးထိခိုက်၊ ဘဝထိခိုက်၊ လုပ်ခ အနည်းဆုံးသာရ၊ သတ္တုတွင်းမှာ အန္တရာယ်များတဲ့ အလုပ်တွေလုပ်ရ၊ ဆေးစွဲ၊ အိတ်စ်ရောဂါရ။

အထူးသဖြင့် အမျိုးသမီးများထိခိုက်၊လိင်အလုပ်သမားများ အဖြစ် တွန်းပို့ခံရ၊ စစ်တပ်များပိုချထားလာလို့ အန္တရာယ်ပိုဖြစ်လာ

သစ်ပင်တွေကိုခုတ်လို့သဘာဝပတ်ဝန်းကျင်ထိခိုက်၊ရေ၊ မြေ၊လေထု ပျက်စီး။ ဥတုရာသီပျက်စီးခါ ရေရှည် ထိခိုက်နစ်နာရ။

နောက်မျိုးဆက်တို့ ပဋိပက္ခဒဏ်ကို ဆက်ခံရ၊ သဘာဝ ပတ်ဝန်းကျင်ကိုလည်းသန့်ရှင်း နေရ၊  ရေရှည်ကျန်းမာ  ရေးထိခိုက်၊ မြေအနေအထား ပြောင်းလဲသွား။ ဖွံ့ဖြိုးရေးအတွက် သူတို့ရဲ့ သယံဇာတတွေ ကုန်ဆုံး၊ အရင်းပြုစရာ ငွေမရှိ။



Photo AOW

# အမျိုးသမီးများအပေါ် အထူးထိခိုက်မှု


- အမျိုးသမီးများသည် အမျိုးသားများထက် ရေကိုခပ်ကြရတယ်၊ မြစ်ထဲချောင်းထဲမှာ အဝတ်လျှော် ရတယ်။ရေအဆိပ်သင့်လျှင် သူတို့တွေထိခိုက်နစ်နာရတယ်။
- ပြဒါးဓါတ်များက ကိုယ်ဝန်သည်နဲ့ သန္ဓေသားကို ထိခိုက်စေတယ်။
- သတ္တုတူးဖေါ်ဖို့ သစ်တွေကို ခုတ်လှဲ လိုက်လို့ အမျိုးသမီးများ ထင်းခွေတဲ့ခါပို ဝေးဝေး သွားရတယ်။
- သတ္တုမိုင်းထဲမှာ အမျိုးသမီးများကို အလုပ်မခန့်လိုကြပါ။ ယောကျ်ားများတိုးများလာလို့ လိင်ဖျော် ဖြေရေးတွေပိုများလာတယ်၊ သစ်တောနဲ့မြေယာတွေ ဆုံးရှုံးလို့ မိုင်းအလုပ်ကို အားထားလို့မရနိုင်တာ  ကြောင့် လိင်အလုပ်သမားဘဝသာ ဘဝရပ်တည်ရေးဖြစ်လာတယ်။
- အစိုးရဌာနတွေမှာ အမျိုးသမီးကိုယ်စားလှယ် သိပ်နည်းပါးတယ်။ သတ္တုတူးဖေါ်မှုနဲ့ မူဝါဒချမှတ်ရာမှာ ဩဇာအနည်းငယ်သာရှိတယ်။



ဓါတ်ပုံ Global NLM

# ကျောက်စိမ်း -
## တရုတ်မက်ကျောက်၊
## တို့ရဲ့သွေး

ဓါတ်ပုံ KDNG




မြန်မာပြည်မြောက်ပိုင်းမှာရှိတဲ့ ကချင်ပြည်နယ်ဟာ ကမ္ဘာ့တန်ဖိုး အရှိဆုံး အကြီးဆုံး ကျောက်စိမ်း ထွက်ရာ နေရာဖြစ်ပါတယ်။ ကမ္ဘာ့အရည်အသွေးအမြင့်ဆုံး ကျောက်စိမ်းကို မြန်မာပြည်ကထွက်ပါတယ်။ တရုတ်ပြည်နဲ့ ဟောင်ကောင်မှာ ရောင်းဝယ်နေတဲ့ အဆင့်မြင့် ကျောက်စိမ်း အားလုံးနီးနီးဟာ မြန်မာပြည်ကပါ။

၁၉၉၄ခု မြန်မာစစ်တပ်နဲ့ ကချင်လွတ်လပ်ရေးတပ် တို့ အပစ်ရပ်သဘောတူစာချုပ်လပ်မှတ်ထိုးပြီးတဲ့ နောက်မှာ ကျောက်စိမ်းတူးဖေါ်တဲ့ လုပ်ငန်းက သိသိသာသာသာ တိုးပွားလာပါတယ်။ စက်ယန္တယားတွေနဲ့ စစ်တပ်ပိုင် ဦးပိုင်လီမိတက် ရှယ်ယာအရင်းတွေပေါင်းပြီး ခေတ်မှီစက်ကြီးတွေ၊ လူအင်အားအလုံးအရင်းနဲ့ နေ့ရောညပါ ကျောက်တူးလုပ်ငန်းများမှာလုပ်ကြတယ်။ ဒေသခံလူထုတွေ က မောင်းထုတ်ခံရတယ်။ မူးယစ် ဆေးဝါးနဲ့ လိင်လုပ်ငန်းတွေ တွင်ကျယ်လာတယ်။ ကျောက်စိမ်း အဓိက ထွက်တဲ့ ဖါးကန့် မြေပြင်ဟာ လုံးဝ ပြောင်းလဲသွားတယ်။ကျောက်စိမ်းမိုင်းတွေကြောင့် ပျက်စီးသွားတယ်။ ဒေသရှိ မြစ်ချောင်းတွေလည်း မြေတိုက်စားခံရလို့ ရေစီးကြောင်းတွေ ပြောင်းသွားတယ်၊ စွန့်ပစ်တဲ့ အဆိပ်တွေက လမ်းပေါ် ဖြတ်စီးနေတယ်။ ဂရုမစိုက်ဘဲ ထင်တိုင်းတူး၊ မြေစာကို ထင်တိုင်းပုံတာကြောင့် မကြာခဏမြေပြိုပြီး ရာချီတဲ့ အလုပ်သမားတွေ သေရတယ်။



ဓါတ်ပုံ Wunpawng Amyusha Zinlum

*ဖါးကန့်မှာ မြေပြိုလို့ သေတဲ့မိုင်း အလုပ်သမား အလောင်းများ*

၂၀၁၁ ခုကျတော့ မြန်မာစစ်တပ်က ကချင်တပ်နဲ့ အပစ်ရပ်သဘောတူချက်ပျက်တော့တယ်။ စစ်ပွဲတွေ ပြန်ဖြစ်လာတယ်။ လူတသိန်းကျော်ဟာ စစ်ပြေးဒုက္ခသည်စခန်းမှာ၊ တရုတ်ပြည်ဘက်မှာ ခိုလှုံနေကြရတော့ တယ်။ ကျောက်စိမ်းတူးဖေါ်ရေးက မရပ် ။ မြန်မာစစ်တပ် အမြောက်အများနဲ့ ရဲတပ်တွေကို ကျောက်စိမ်းမိုင်းဝန်းကျင်မှာချထားတယ်။

လောလောဆယ်အထိ ကျောင်းစိမ်းကဏ္ဍရဲ့ တန်ဖိုးကို တွက်ဆဖို့ ခက်နေတယ်။ လေ့လာချက်နဲ့ သုံးသပ်ချက်တွေအရ Global Witness က ၂၀၁၄ခု တနှစ်ထည်းမှာ တရုတ်နိုင်ငံကို တင်ပို့တဲ့ တရားဝင်တန်ဖိုး ဒေါ်လာ ၁၂ ဘီလီယံ ရှိတယ်လို့ ခန့်မှန်းတယ်။ ဒါကြောင့် အားလုံးပေါင်း ဒေါ်လာ ၃၁ ဘီလီယံလို့ ခန့်မှန်းတယ်။ ဒီဂဏန်းအတိုင်းဆိုရင် မြန်မာအမျိုးသား ထုတ်လုပ်မှု (GDP) ရဲ့ ၄၆% နဲ့ ညီမျှပြီး အစိုးရက ကျန်းမာရေးမှာသုံးတဲ့ငွေ ထက် ၄၆ ဆများနေတယ်။[2]

---

[2] www.globalwitness.org/documents/18095/Jade_full_report_online_hi_res.pdf

# ရေနံနဲ့ ဓါတ်ငွေ့

## ဒေသခံတွေကို အမှောင်ကျစေတဲ့ ကမ္ဘာ့ အင်အား ချိန်ခွင်လျှာ


မြန်မာပြည်ဟာ အရန်သဘာဝဓါတ်ငွေ့ ပမာဏ များများရှိတဲ့ နိုင်ငံဖြစ်လို့ ဓါတ်ငွေ့ဆိုင်ရာ ကမ္ဘာ့ထိပ် သီးနိုင်ငံ (၄၀) ထဲတွင် တနိုင်ငံ အဖြစ်ပါဝင်တယ်။ ရခိုင်ပြည်နယ်ဟာ အာဆီယံနိုင်ငံများထဲတွင် သဘာဝ ဓါတ်ငွေ့ သိုက် အကြီးဆုံးရှိရာဒေသဖြစ်တယ် ဒါပေမဲ့ မြန်မာပြည်မှာ ဒုတိယ အဆင်းရဲဆုံးပြည် နယ်ဖြစ် နေတယ်။ ဒီလို သဘာဝအရင်းအမြစ်ကြွယ်ဝပေမဲ့ တနိုင်ငံလုံးက လူထုတွေမှာ စွမ်းအင်ဓါတ်အားချို့တဲ့ နေတယ်။ စစ်အာဏာရှင်ခေတ်က လက်မှတ်ထိုးခဲ့တာက မြန်မာပြည်ရဲ့ သဘာဝ ဓါတ်ငွေ့ ၈၀% ကို ထိုင်းနဲ့ တရုတ်ပြည် စီးပွါးရေးကို အားပေးဖို့ တင်ဖို့ရောင်းစားခဲ့တယ်။ ပြည်တွင်းနဲ့ စက်မှုလုပ်ငန်းတွေမှာ လျှပ်စစ် သုံးဖို့မဟုတ်ဘူး။

၂၀၁၀ ရွေးကောက်ပွဲပြီးနောက် အစိုးရသစ်အောက်မှာ ရေနံနဲ့ ဓါတ်ငွေ့ရင်းနှီးမြုပ်နှံ့မှုဟာ အရှိန်မြင့်စွာ တိုးပွားလာတယ်။ ၂၀၁၁ မှ ၂၀၁၅ ခုအတွင်း မြန်မာနိုင်ငံရှိ ကမ်းနီးနဲ့ ကမ်းလွန်ရေနံနဲ့ သဘာဝဓါတ်ငွေ့ ရှာဖွေထုတ်လုပ်တဲ့ လုပ်ကွက် ၄၄ ခုမှာ ၄၀ကျော်ကို နိုင်ငံခြား ကုမ္ပဏီတွေကို လုပ်ပိုင်ခွင့် ချပေးခဲ့တယ်။ ၂၀၁၅ - ၂၀၁၆ မြန်မာနိုင်ငံမှာ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြုပ်နှံမှု ဒေါ်လာ ၉.၄၉ ဘီလီယံ ရှိရာ ၂၀၀၉ -၂၀၁၀ ရွေးကောက်ပွဲမတိုင်မီ ကာလက ရတဲ့ ၃၂၉.၆ မီလီယံထက် ၂၈ ဆပိုများတယ်။ ရရှိတဲ့ ၉.၄၉ ဘီလီယံထဲက ၄.၈ ဘီလီယံ (၅၁%)မှာ ရေနံနဲ့ ဓါတ်ငွေ့မှ ရတာဖြစ်တယ်။

တရုတ်ပြည်နဲ့ ထိုင်းနိုင်ငံကို ဓါတ်ငွေ့တင်ပို့မှုက မြန်မာပြည်အတွက် အများဆုံးဝင်ငွေကိုရစေတယ်။ ၂၀၁၄ ခုနှစ်မှာ ၄.၂ ဘီလီယံ ရတယ်။ နိုင်ငံခြားထုတ်ကုန်တန်ဖိုးရဲ့ ၃၅% ဖြစ်တယ်။ မြန်မာနိုင်ငံအစိုးရဟာ ရေနံနဲ့ သဘာဝဓါတ်ငွေ့ ရောင်းချလို့ရတဲ့ ဝင်ငွေဘယ်လောက်ရ၊ ဘယ်လိုအ သုံးချတယ် ဆိုတာကို မဖေါ်ပြတဲ့ အတွက် ပွင့်လင်းမြင်သာမှု မရှိတာကို တွေ့နိုင်တယ်။ ၂၀၁၂ ခုနိုင်ငံတော် ဘတ်ဂျက်မှာ ရေနံနဲ့ ဓါတ်ငွေ့မှ ရတဲ့ ဝင်ငွေကို ပထမအကြိမ်ထုတ်ပြန်ခဲ့ပေမဲ့ ဝင်ငွေရလမ်းနဲ့ စီမံခန့်ခွဲမှုအားနည်းနေသေးတယ်။

ရေနံနဲ့ ဓါတ်ငွေ့ ထွက်တဲ့ တခြားနိုင်ငံများလို မြန်မာနိုင်ငံမှာ ရေနံဈေး အတက်အကျနဲ့ အနာဂါတ်ရင်း နှီးမြုပ်နှံဖို့အတွက် အရံငွေမထားရှိဘူး။


## မြေပုံ - ရေနံနဲ့ ဓါတ်ငွေ့ လုပ်ကွက်များ (၂၀၁၇)




[3] http://www.dica.gov.mm/sites/dica.gov.mm/files/document-files/2016_april_fdi_by_sector_yearly_approved.pdf
[4] http://themimu.info/node/41364
[5] Moore Stephens LLP, Myanmar Extractive Industries Transparency Initiative: Scoping Study for the first EITI report, September 2015

# ရွှေ

## လက်တဆုတ်စာ ချမ်းသာဖို့ အများအဆိပ်သင့်




ရွှေက မြန်မာပြည်တဝှမ်းမှာရှိနေတယ်။ ကချင်ပြည်နယ်၊ရှမ်းပြည်နယ် မြောက်ပိုင်း၊ မန္တလေးတိုင်း စစ်ကိုင်းတိုင်း၊ မြန်မာပြည်အလယ်ပိုင်း၊ မွန်ပြည်နယ်၊ တောင်ပိုင်း တနင်္သာရီ ဒေသတွေမှာရှိတယ်။ မြန်မာပြည် မှာ ရွှေကို တနှစ်တနှစ်မှာ ၁၆၉၂ ကီလိုဂရမ် ထွက်တယ်။ လက်ရှိရွှေဈေးနဲ့ ဆိုပါက ဒေါ်လာ ၇၆ သန်းတန်ဖိုးရှိတယ်။

ဒေသခံနဲ့ နိုင်ငံခြား ရွှေတူးသမားတွေက သစ်တောတွေထဲကို ဖြတ်ပြီးလမ်း ဖေါက်ကြတယ်။ ဒိုင်းန မိုက်တွေနဲ့ ဖေါက်ခွဲ၊ မြေတူးစက်တွေနဲ့ တူးပြီး အရေးပေါ်ရွှေတူးကြတယ်။ ဒါကြောင့် မြေဆီလွှာတွေ ပျက်စီးရတယ်။ ဒီလိုလုပ်တာက ရေကာတာစီမံကိန်း မဆောက်မီ၊ ရေမလွှမ်းမီ ချမ်းသာမလားလို့ ရည်မှန်း ချက်နဲ့ မိုင်းတူးသမားတွေက မကြာခဏလုပ်တာဖြစ်တယ်။

ရွှေတူးမိုင်းတွေက လက်ရှိမှာ ကျောက်စိမ်းမိုင်း၊ ကျောက်မီးသွေးမိုင်းတွေလောက် မကြီးသေးဘူး။ ရွှေထုတ်ယူတာ၊ သန့်စင်တာတွေက ရေအရင်းအမြစ်ကို အကြီးအကျယ် ထိခိုက်စေတယ်။ ထင်သလိုထူး ပြဒါးတွေကို နဲ့ ဆိုင်နိုက်အဆိပ်တွေကို မဆင်မခြင် သုံးတာကြောင့်ဖြစ်တယ်။ ၂၅ နိုင်ငံက အမျိုးသမီး ငယ် တွေရဲ့ ဆံပင်ကို လေ့လာသုတေသန ပြုကြည့်ရာမှာ မြန်မာပြည်က အမျိုးသမီးတွေရဲ့ ဆံပင်မှာ ပြဒါးဓါတ် ပါဝင်တာ အမြင့်ဆုံး ဖြစ်တယ်လို့ တွေ့ရတယ်။


ရှမ်းပြည်နယ်က မိုင်းလင်းရွှေမိုင်းဟာ သက်သေကောင်းတခုပါဘဲ။ ရေချောင်းထဲက ရေကို ရေစုတ်စက် နဲ့တင်ပြီး ရွှေကျင်တယ်။ ရေကို အဆိပ်ဓါတ်တွေနဲ့ရောသုံးပြီး ချောင်းထဲကို ပြန် သွန်ထုတ်တယ်။ လယ်လုပ်တဲ့ နမ့်လမ်မြေ ပြင်ဆီကို ဒီချောင်းက စီးသွားတယ်။ မိုင်းလုပ်တဲ့ နေရာက မြေစာတွေ ကလည်း တောင်ပေါ်ကနေ ရေချောင်းထဲ စီးဝင်တယ်။ ရေချောင်းကိုလာ ပိတ်တော့ ချောင်းအောက်က  ရေအားလျှပ်စစ် စက်အသေးစားများ ကမလည်တော့ဘူး။ ဒီစက်ကဘဲရွာမှာမီးရတာ။ အမျိုးသမီးတွေလည်း ကလေးပျက်ကျကြတယ်။ မွေးလာရင် လည်းပေါင် မပြည့်ဘူး။ တခြားမိုင်းတူးတဲ့ နေရာတွေမှာလည်း ဒီလိုမျိုးဖြစ်တယ်။ ဒေသခံတွေက မိုင်းကိုပိတ်ဖို့ အကြိမ်ကြိမ်တောင်းဆိုတယ်။ ဒါပေမဲ့ အစိုးရနဲ့ စီးပွားရေးသမားတွေက ဂရုမစိုက်ဘူး။

ရွှေဈေးကကောင်းတော့ မိုင်းတွေကို မကြာခဏလက်နက်ကိုင်အ စောင့်တွေနဲ့ ချထားတယ်။ ရွှေတွင်းမိုင်းပတ်ဝန်း ကျင်မှာ အရပ်သားတွေနဲ့ တခါတရံ ခိုက်ရန်ဖြစ်ပွါးကြတယ်။ ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းလင်းမိုင်း မှာ မြန်မာစစ်တပ်က အသက်၅၄ နှစ်ရှိ လယ်သမားတဦးကို ပစ်သတ်လိုက်တယ်။သူက သူ့အဖေါ်ရွာသားတွေနဲ့ မိုင်းတိုးချဲ့တူးနေ တာကိုလာကြည့်တာ။ ၂၀၁၅ ခု အောက်တိုဘာလ က။ ဒီအမှုနဲ့ ပတ်သက်ပြီး တရားရုံးက စစ်ဆေးတာ လည်းမလုပ်ဘူး။

---

[6] www.norway.no/en/myanmar/norway-myanmar/news-events/news2/gold-mining/
[7] Ibid.
[8] http://www.shanhumanrights.org/eng/images/2015/pdf/02-23-16-english-by-shrf.pdf
[9] Ibid.

# သံဖြူနဲ့ အဖြိုက်နက် သတ္တု အနှစ် ၂၀၀လောက်ရှိပေမဲ့ ဘာမှ မတိုးတက်




လျှပ်စစ်ပစ္စည်းတွေကို ကျယ်ကျယ်ပြန့် ပြန့်သုံးစွဲလာတော့ သံဖြူကို ကမ္ဘာတဝှမ်းဝယ်အားလိုက်လာ တယ်။ မြန်မာပြည်မှာ သံဖြူအမျိုးအစားကော င်းတချို့ထွက်ပါတယ်။ ဒုတိယကမ္ဘာ စစ်မတိုင်မီက ကယားပြည် နယ်မော်ချီး မိုင်းဟာ ကမ္ဘာ့အဓိကသံဖြူနဲ့ အဖြိုက်နက် ထွက်ရှိတဲ့ မိုင်းပါ။ ယနေ့အထိမော်ချီးမိုင်းက ဆက်လက် တူးနေတုန်းဘဲ။ တောင်ပိုင်း တနင်္သာရီ ဒေသမှာလည်း သံဖြူမိုင်းတွေရှိပါတယ်။ မော်ချီးမိုင်း အကြောင်း က ကြေကွဲစရာပါ - ဒီမိုင်းကို ၁၈၃၀ ခုကတည်းက လည်ပတ်ခဲ့ပေမဲ့ ဒေသခံလူထုက ဆယ်စုနှစ်တွေ ကြာလာခဲ့သည့်တိုင်း မယ်မယ်ရရ ဘာမှမတိုးတက်လာပါဘူး။ ကယားလူထုအနေနဲ့ မိုင်းကဝင်ငွေဘယ်လောက်ရတယ်ဆိုတာသိဖို့ မဖြစ်နိုင်ပါဘူး။ ကယားပြည်နယ် အစိုးရတောင် မသိရဘူး။ စစ်တပ်ပိုင်တဲ့ ဦးပိုင်က ဒီသံဖြူမိုင်းမှာ နက်နက်ရှိုင်းရှိုင်းပါဝင်ပါတယ်။ မော်ချီးမိုင်းကို အဓိကလုပ်နေတဲ့ ကုမ္ပဏီကလူကြီးဟာ စစ်တပ် အရာရှိဟောင်းတယောက်ဖြစ်ပြီး ဒေသခံလူထုကို ဖိနှိပ်မှုနဲ့ လူသိများပါတယ်။ ဒေသခံ မိုင်းအလုပ်သမားတွေက မှောင်ခိုရောင်းတဲ့ သံဖြူတွေကသာအမြတ်ရရတာပါ။ ဒါတွေကလည်း အန္တရာယ်များတဲ့ စစ်တပ်စစ်ဆေးရေး ဂိတ်တွေနဲ့ ပြည်သူစစ်ဂိတ်တွေရှိတဲ့လမ်းကို ဖြတ်ပြီးမှ ယူရတာပါ။ ရွာသားတွေက မိုင်းအလုပ်သမားအဖြစ် သာလုပ်ကြရတယ်။ မိုင်းတွင်းရဲ့ မကောင်းကြောင်းတွေကို လည်း မပြောရဲကြဘူး။ တခြားမိုင်းတွင်းတွေလိုဘဲ မြေပြိုမှုတွေက မကြာခဏဖြစ်တယ်။ မိုင်းကစွန့်ပစ်ပစ္စည်းတွေကရေအရင်းအမြစ်ကို ညစ်ညမ်းစေတယ်။ လယ်ယာတွေကို ပျက်စီးစေတယ်။ ရွှေ့ပြောင်းယောက်ျားအလုပ် သမား တွေကြောင့် လိင်လုပ်ငန်းလည်း တိုးပွားလာတယ်။

---

[10] http://burmacampaign.org.uk/media/LostParadise-MawchiMining-English-.pdf

ဓါတ်ပုံ KDNG



ရွှေအတွက် မြစ်ကမ်းပါးကို ဖေါက်ခွဲပုံ


ဓါတ်ပုံ TSYO



မိုင်းတွင်းများကို လက်နက်ကိုင်များနဲ့ အစောင့်ချထား

# ကျောက်မီးသွေး

## ညစ်ညမ်းစွမ်းအင်




သတ္တုတွင်း ဝန်ကြီးဌာန အဆိုအရ မြန်မာပြည်မှာ ကျောက်မီးသွေး အမြောက်အများရှိရာ နေရာ ၁၆ ခုရှိပြီး တန်ချိန် ၂၇၀ သန်းလောက်ရှိ တယ်လိုဆိုတယ်။ အာရှဖွံ့ဖြိုး ရေးဘဏ်က ရေးဆွဲထားတဲ့ မြန်မာ့ စွမ်းအင် ပင်မ စီမံကိန်းမှာ လျှပ်စစ်ဓါတ်ထုတ်ဖို့ ကျောက်မီး သွေးတွေတိုးသုံးဖို့ (၁၅ နှစ်အတွင်း ၃% ကနေ ၃၀ % အထိ) ဆိုထားတယ်။ဒါပေမဲ့ အမြဲသုံးနိုင်တဲ့ စွမ်းအင်အရင်းအမြစ်ကိုတော့ မပြောသွားဘူး။ လက်ရှိမှာ တိုင်းပြည်ရဲ့ လျှပ်စစ်စွမ်းအင် ၃%ကို ကျောက်မီးသွေးက ထုတ်ပေးနေပါတယ်။ ထွက်လာတဲ့ ဓါတ်အားတွေကို တခြား သတ္တုတူးတဲ့ လုပ်ငန်းတွေ၊ ကျေးလက်စက်မှုဇုံတွေမှာသုံးပါတယ်။ အိမ်သုံး အတွက် မဟုတ်ပါ။ အစီအစဉ် တချို့က အဆင့်မြင့်ကျောက်မီး သွေးတွေကို နိုင်ငံခြားကမှာ ယူဖို့ဖြစ် တယ်။ ဥပမာ အင်ဒိုနီးရှား လိုနိုင်ငံက။

ပင်မဓါတ်အား စီမံကိန်းရဲ့ ရည်ရွယ်ချက်က အများအားဖြင့်အိမ်နီးချင်းနိုင်ငံတွေကိုရောင်းဖို့ပါ။ ပြည်ပသို့ တင်ပို့ရန်အတွက် ကြီးမားတဲ့ ပို့ဆောင်ရေးစံနစ်လိုအပ်တယ်။ ဒီလိုဆောက်ဖို့ အကြွေးတင်ခံရလိမ့်မယ်။ ဒါတွေက လွတ်လပ်တဲ့ စွမ်းအင်ကုမ္ပဏီတွေကို အကျိုးရှိစေလိမ့်မယ်။ လျှပ်စစ်ဓါတ် အားကို နိုင်ငံခြားတင်ပို့ ရောင်းရတာဟာ ရလာတဲ့ငွေနဲ့ ပြည်တွင်းဖွံ့ဖြိုးမှုလုပ်ငန်းမှာ အသုံးပြုဖို့လို့ ဆိုတယ်။ ဒါပေမဲ့ ပြီးခဲ့တဲ့ စီမံကိန်း တွေကိုကြည့်ရင် ရောင်းရငွေတွေက မူလမြန်မာနိုင်ငံက ကျေးလက်တွေကို မရောက်လာပါဘူး။ အစိုးရရဲ့ ပင်မအစီအစဉ်က

ဓါတ်ပုံ PYO



ရှမ်းပြည်နယ်ရှိ တီဂျစ် ကျောက်မီးသွေး စက်ရုံ

ဓါတ်အားဖြန့်ဖို့ အနှစ်၃၀ ကြာမှသာ လျှပ်စစ် လိုအပ်နေတဲ့တိုင်းရင်းသား ကျေးလက်များ အတွက် လျှပ်စစ်ရနိုင်မှာဖြစ်တယ်။

မြန်မာပြည်ရဲ့ အကြီးဆုံး ကျောက်မီးသွေးမိုင်းနဲ့ လျှပ်စစ်စက်ရုံက ကမ္ဘာ့ရဲ့ ဇီဝ အရင်း အမြစ်ဖြစ် တဲ့၊ ကျော်ကြားတဲ့ အင်းလေး ကန် ရေအောင်းဒေသရှိ တီဂျစ်ရွာမှာ တည်ရှိပါတယ်။ဒီစက်ရုံက တနှစ်ကို လျှပ်စစ် မီဂါဝပ် ၁၂၀ ထုတ်ဖို့ ကျောက်မီးသွေး ၆၄၀ ၀၀၀ တန် သုံးရပါတယ်။ အနီးနားရှိတဲ့ လိုင်ခါနဲ့ တောင်ပိုလာ ရွာနှစ်ရွာက ဒီလျှပ်စစ်စီမံကိန်းကြောင့် အဓမ္မပြောင်းရွှေ့ခံရပါတယ်။ လယ်မြေ ဧက ၅၀၀ ကျော်လည်း အသိမ်း ခံရပါတယ်။ အခုတော့ အနီးအနားရှိ လူဦးရေ ၅၀% က အရည်ပြား ယားယံတာဖြစ်တယ်။ အသက်ရှူရကြပ်တာ စတဲ့ ရောဂါတွေကို စစ်ဆေးဖို့ ဆေးဘက်ဆိုင်ရာပစ္စည်းတွေက အဆင့်မမှီဖြစ်နေတယ်။

[11] https://paoyouth.org/wp-content/uploads/2018/03/Poison-Clouds-in-English.pdf



ဓါတ်ပုံ ရှမ်းလယ်ယာသမားကွန်ယက်

*ရှမ်းပြည်နယ်၌ကျောက်မီးသွေးတူးဖော်ရေးကန့်ကွက်ဆန္ဒပြမှု*

# သဘာဝအရင်းအမြစ်ခိုးယူမှုကို တားဆီးကြ

မြန်မာပြည်ဖွံ့ဖြိုးရေးအတွက် မိုင်းလုပ်ငန်းကို မကြာခဏ အမွန်းတင်ပြောဆိုကြတယ်။ မိုင်းကရတဲ့ ဘဏ္ဍာငွေကို တိုင်းပြည်ကျန်းမာရေးအတွက်၊ ပညာရေးအတွက်၊ သယ်ယူပို့ဆောင်ရေး အတွက်နဲ့ တခြားချို့ငဲ့ တဲ့ ဒေသတွေအတွက် သုံးဖို့ဖြစ်သင့်တယ်။ စီမံကိန်းရှိတဲ့ ဒေသက လူ့အဖွဲ့အစည်းတွေကို ပေးလျော် သင့်တယ်။ ဒါပေမဲ့ မိုင်းလုပ်ငန်းက ငွေဘယ်လောက်ဝင်တယ်ဆိုတာ မသိရသလို ဘယ်လိုသုံးမှန်းလည်း မသိရဘူး။

စစ်တပ်အာဏာနဲ့ ဗဟိုအစိုးရချုပ်ကိုင်မှု ပုံစံက သဘာဝအရင်းအမြစ်တွေကို ဘယ်လိုသုံးရမလဲ ဆိုတာ လူထုတွေရဲ့ပြောခွင့်ကို ဖွဲ့စည်းပုံ အရ ပိတ်ပင်ထား တယ်။ ရရှိလာမည့် ဘဏ္ဍာငွေကိုလည်း မခံစားရဘူး။

မြန်မာပြည်ရဲ့ မိုင်းလုပ်ငန်းက ရေအရင်းအမြစ်၊ တောတောင်နဲ့ လယ်မြေတွေ ကို ဖျက်စီးတယ်။ မိုင်းလုပ်ငန်းက မြေတွေကို သိမ်းတယ်၊ လုတယ်၊ လူ့အခွင့်အရေးကို ဖေါက်ဖျက်တယ်။ လက်ရှိလူတွေနဲ့ အနာဂါတ် လူတွေအတွက် အသက်ရှူလမ်း ကြောင်းရောဂါ၊ ကင်ဆာနဲ့တခြား ရောဂါတွေကို ဖြစ်စေတယ် ဆိုတာဟာ ခန့်မှန်းလို့ မရနိုင်ပါ။ စီပွါးရေးသမားနဲ့ အစိုးရက ပြည်သူ့စစ်နဲ့ စစ်တပ်ကို မိုင်းလုံခြုံရေးအတွက် အသုံးပြုရင်း ဒေသခံလယ်သမားတွေ၊ အလွတ် မိုင်းအလုပ်သမားတွေ နဲ့ သူတို့ကိုဆန့်ကျင်သူကို ဖိနှိပ်ချိုးနှိမ် တယ်။

မြန်မာစစ်တပ်နဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေကြားတိုက်ပွဲတွေက ၂၀၁၁ ခုကစ ပိုပြင်းထန်လာတယ်။ မြန်မာ့ ငြိမ်းချမ်းရေးစောင့်ကြည့် မှတ်တမ်းအရ ၂၀၁၆ ခုဧပြီမှ ၂၀၁၈ ခု ဧပြီးလအတွင်း အန်အယ်လ်ဒီ အစိုးရ လက်ထက်မှာ တိုက်ပွဲ ၅၅၇ ကြိမ်ဖြစ်ခဲ့တယ်။အစိုးရက တိုင်းရင်းသား လက်နက်ကိုင်တွေ အကြား "ငြိမ်းချမ်းရေးလုပ်ငန်းစဉ်" တိုးတက်မှုရှိတယ်လို့ပြောပေမဲ့ မြန်မာစစ်တပ်ရဲ့ ထိုးစစ်က ပိုပြင်းထန်လာ တယ်။ သိန်းချီတဲ့ လူထုတွေ အိုးမဲ့အိမ်မဲ့ဖြစ်ပြီး ဒုက္ခသည်စခန်းမှာ သွားခိုလှုံနေရတယ်။ တိုင်းရင်းသား ဒေသတွေမှာ အစိုးရနဲ့ စစ်တပ်တို့ရဲ့ အတားအဆီးမဲ့ သဘာဝအရင်းအမြစ်ထုတ်ယူမှုက စစ်ပွဲကို ပိုဖြစ်စေ တော့တယ်။

အခြေခံဥပဒေပြောင်းလဲရေးဟာ အရေးတကြီးလိုအပ်နေတယ်။ သဘာဝသယံဇာတတွေနဲ့ ပတ်သက် တဲ့ ဥပဒေတွေ ပြင်ဆင်ရမယ်။ စစ်တပ်ရဲ့ အာဏာကို ရုပ်သိမ်းရမယ်။

## အကြံပြုချက်များ -

- အနာဂတ်ပြည်ထောင်စု ငြိမ်းချမ်းရေး သဘောတူညီချက်အရ ဖက်ဒရယ် အခြေခံဥပဒေသစ်တွင် သင့်တော်သည့် ဥပဒေ မပြဌာန်းမီ တနိုင်တပိုင်လုပ်ငန်းမှအပ မိုင်းလုပ်ငန်းအားလုံးကို ယာယီရပ်ဆိုင်းထားရန်
- ဖက်ဒရယ် အခြေခံဥပဒေသစ်တွင် ဥပဒေနဲ့ မူဝါဒချမှတ်ရာမှာ ဒီမိုကရေစီ အခြေခံမှု၊ ကိုယ်ပိုင် ပြဌါန်းခွင့်၊ လူ့အခွင့်အရေး၊ သဘာဝပတ်ဝန်းကျင် တည်မြဲရေး တို့ပါဝင်ရမယ်။ ဒါတွေကို ကိုယ်စားလှယ် များမှတဆင့် ချမှတ်ရမယ်။
- ဖက်ဒရယ်၊ ပြည်နယ်၊ ပြည်နယ်ခွဲ ဥပဒေနဲ့ ဒီမိုကရေစီ အဖွဲ့အစည်းတို့ဟာ လူ့အခွင့်အရေးများ၊ လူ့အခွင့်အရေးအကာအကွယ်ပေးသူများကို ကာကွယ်ပေးသည့်  သဘာဝပတ် ဝန်းကျင် နဲ့ လူမှုရေးဆိုင်ရာ အကာအကွယ် အာမခံစနစ်များကို အားကောင်းစေပြီး ၊ ထိခိုက်ခံရသည့် ရပ်ရွာဒေသခံများမှ သဘာဝအရင်း အမြစ် အခြေပြု စီမံကိန်းများကို ဆန့်ကျင်နိုင်သည့် ယန္တယားများကိုလည်းထည့် သွင်းပါ၊အကာအကွယ်စနစ်၊ အာမခံစနစ်များကို သော်လည်းကောင်း လွတ်လပ်စွာကြိုတင်အသိပေးကာ သဘောထားရယူပြီး လုပ်ဆောင်မှု အဆင့်တိုင်းတွင် အမျိုးသမီးများ၏ ပါဝင်မှုကို ထည့်သွင်းရမည်။လွတ်လပ်ပြီး ပွင့်လင်းမြင်သာမှုကို အခြေခံ သည့် စေ့စေ့စပ်စပ်စောင့်ကြည့်လေ့လာမှုနှင့် စောင်ကြည့်မှု ဖြစ်စဉ်များကို သော်လည်းကောင်း လေးစား လိုက်နာသည့်စီမံကိန်းများကိုသာ လုပ်ဆောင်ခွင့်ပြုရန်။

**မြန်မာ့သတ္တုမိုင်း စောင့်ကြည့်ရေးကွန်ယက်**

မိုင်းများရှိရာ ဒေသမှ လူ့အဖွဲ့အစည်းများကို ခြေခံပေါင်းစည်းထားသည်။

myanmarminingwatchnetwork@gmail.com

၂၀၁၈ - စက်တင်ဘာလ တွင် ထုတ်ဝေသည်။